## ဆောက်လုပ်ရေးကာလအတွင်း ကျွန်ုပ်အနေဖြင့် မည်သည်တို့ကိုမျှော်လင့်ထားရမည်နည်း?

ဆောက်လုပ်ရေးလုပ်ငန်းများကို အပိုင်းများခွဲပြီး (တစ်ကြိမ်လျှင် တစ်ဘလောက်) လုပ်ဆောင်ခြင်းဖြင့် ပတ်ဝန်းကျင်အား ယာယီအနှောက်အယှက်များဖြစ်သည့် ဆူညံသံများနှင့်ဖုန်မှုန့်များမှ ဖြစ်နိုင်သမျှအနည်းဆုံး သက်ရောက်မှုရရှိနိုင်သည်။ ရေဆိုးမြောင်း၏အနံ့အသက်များကို အိမ်ထဲတွင်ရရှိနိုင်မည်မဟုတ်သော်လည်း အိမ်ပြင်ပတွင် အနံ့ရရှိနိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းကာလအတွင်း၊ ပတ်ဝန်းကျင်နေပြည်သူများသည် အောက်ဖော် ပြပါအတိုင်း လမ်းပေါ်တွင် စက်ကိရိယာများနှင့် ယာဉ်ကြောလမ်းကြောင်းအသစ်များကို ကြုံတွေ့ရနိုင်ပါသည် :

- အချို့လမ်းများ သို့မဟုတ် လမ်းပိုင်းများပိတ်ခြင်း
- စကြ်န်လျှောက်လမ်းပိတ်ထားခြင်း
- ကားလမ်းပေါ်ကားရပ်နားခြင်းများ ကန့်သတ်ခြင်း
- လမ်းပြောင်းလမ်းလွှဲထားခြင်း






## ကျွန်ုပ်ရရှိနေသောဝန်ဆောင်မှုများကို ထိခိုက်မှုရှိနိုင်ပါသလား?

ပတ်ဝန်းကျင်နေပြည်သူများသည် ယာယီရေဆိုးမြောင်းနှင့် ရေဝန်ဆောင်မှုများကို ကြားဖြတ်/ကန့်သတ် အသုံးပြုမှုကို ကြုံတွေ့ရနိုင်ပါသည်။ ပတ်ဝန်းကျင်နေပြည်သူများကို ပြုလုပ်မည့် ဆောက်လုပ်ရေး အကြောင်းအရာများကို **ထိုအချိန်တွင်အသေးစိတ်ထုတ်ပြန်ပေးပါမည်။**

## ဤစီမံကိန်းအတွက် ရန်ပုံငွေမည်သို့ရရှိပါသနည်း?

ဘတ်ဖလိုရေမြောင်းအဖွဲ့သည် ဤစီမံကိန်းအတွက် ချေးငွေကို အတိုးနှုန်းသက်သာစွာဖြင့် ချေးပေးမည်ဖြစ်ပြီး စီမံကိန်းရန်ပုံငွေဖြည့်စွက်ရန်အတွက် နယူးယောက်ပြည်နယ်၏ ထောက်ပံ့ရန်ပုံငွေများကိုလည်း ရှာဖွေမည်ဖြစ်ပါသည်။

## ပိုမိုသိရှိလိုသောအချက်အလက်များကို မည်သည့်နေရာတွင် ရှာဖွေနိုင်ပါသနည်း?

သတင်းအချက်အလက်များပိုမိုသိရှိရန် ဘတ်ဖလိုရေမြောင်းအဖွဲ့ သို့ ဖုန်းခေါ်ဆိုခြင်း/ အီးမေးလ်ပို့ခြင်း သို့မဟုတ် အောက်ပါQRကုဒ်ကို စကန်ဖတ်ပြီး ကျွန်ုပ်တို့၏ဝက်ဆိုက်တွင် ယခုအကြောင်းအရာနှင့်ပတ်သတ်သော သတင်းအချက်အလက်များနှင့် အခြားလက်ရှိလုပ်ဆောင်နေသော စီမံကိန်းများအကြောင်းကို မေးမြန်းသိရှိနိုင်ပါသည်။

716-851-4664

QueenCityCleanWaters@buffalosewer.org
www.buffalosewer.org

BUFFALO SEWER AUTHORITY

1038 City Hall
65 Niagara Square
Buffalo, NY 14202

BUFFALO SEWER AUTHORITY

# Breckenridge Street

## CSO ထိန်းချုပ်ရေး

စီမံကိန်းသတင်းကြေငြာစာ



## ဘတ်ဖလိုရေမြောင်းအဖွဲ့မှဤစီမံကိန်းအားမည်သည့်ကြောင့် လုပ်ဆောင်နေရသနည်း?

ဘတ်ဖလိုမြို့ရေမြောင်းဌာနသည် မြို့တော်၏ရှိပြီးသား ရေဆိုးမြောင်းဆိုင်ရာ အခြေခံအုတ်မြစ်ကို စရိတ်သက်သာစွာဖြင့် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နေပြီး ရေမျက်နှာပြင်ပေါ် သက်ရောက်နေသော ပေါင်းစပ်မိလ္လာလျှံကျမှု (CSOs) များကို လျှော့ချပေးမည်ဖြစ်သည်။ ဤစီမံကိန်းသည် နှစ်ပေါင်း ၁၀၀ကျော်သက်တမ်းရှိသော မြောင်းများကို အစားထိုး/ ပြန်လည်ပြုပြင်ဆောက်လုပ်မည်ဖြစ်ပြီး ၎င်းတို့အား

## ဤစီမံကိန်းတွင် မည်သည်တို့ပါဝင်သနည်း?

ဝက်စ်အဲဗင်းန်ျူး (ဘရက်ကင်ရစ်ဂျ်လမ်းနှင့်လာဖဲရက်အဲဗင်းန်ျူးထောင့်)

- ပေါင်းစပ်မိလ္လာပင်မလမ်းကြောင်းအသစ်
- ပေါင်းစပ်ရေစိုးမြောင်းများတစ်ဖက်စီကိုအသစ်အစားထိုးခြင်း
- အိမ်/အဆောက်အဦးနှစ်ဖက်လုံးကို ပြန်လည်ချိတ်ဆတ်ခြင်း
- ခဲဓါတ်ကင်းစင်သောရေစနစ်အသစ်
- ခဲဓါတ်ပါသောရေဝန်ဆောင်မှုများအစား ကြေးနီဖြင့်ဝန်ဆောင်မှုပေးခြင်း
- လမ်းတိုင်းအတွက် လမ်းခင်းပေးခြင်း


ဘရက်ကင်ရစ်ဂျ်လမ်း(ဝက်စ်အဲဗင်းန်ျူးနှင့် ဟာက်ကီမာလမ်း)

- မြောင်းအနားသပ်နှင့် ရှိပြီးသား ပေါင်းစပ်ရေမြောင်းကို ပြုပြင်ခြင်း။

## မည်သည့်အချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းစတင်မည်နည်း?

- ၂၀၂၆ခုနှစ် နွေဦးကာလတွင် စတင်ဆောက်လုပ်ရန် စီစဉ်ထားပြီး၂၀၂၈ခုနှစ်ကုန်တွင်အဆုံးသတ်ပါမည်။
- အသိပေးစာများကို ပတ်ဝန်းကျင်နေထိုင်သူများထံသို့ ဆောက်လုပ်ရေးမစခင်တစ်ပတ်အလိုတွင် အသေးစိတ်အချက်အလက်များနှင့်အတူ ကိုယ်တိုင်လာရောက်ပေးပါမည်။

## စီမံကိန်းဧရိယာ




© Google Maps—Image Source